The Essence


mgyoe.com

# မောင်ဒိုးခ ရဲ့

# အိတ်ဆောင်

# ဟာသများ





mgyoe.com

## နာရတဲ့အကြောင်းရင်း

လူနာ ။ ။ ဆရာရေ. . . ကျွန်တော့်ခြေထောက်ကို ထိလိုက်တာနဲ့ နာနေတယ်။

ဆရာဝန် ။ ။ ဟုတ်ပြီ၊ အဲဒီတော့. . .

လူနာ ။ ။ မဟုတ်ဘူးဆရာ၊ မပြီးသေးဘူး။ လက်မောင်းကို ထိလိုက်လည်း နာနေတယ်။

ဆရာဝန် ။ ။ ဟုတ်ပြီ၊ ဟုတ်ပြီ။

လူနာ ။ ။ နေဦးဆရာ. . . မပြီးသေးဘူး။ ခေါင်းကို ထိလိုက်လည်း နာနေတယ်။

ဆရာဝန် ။ ။ ဒါဆိုရင် သေချာပြီ။ ခင်ဗျားလက်ချောင်းတွေ ကျိုးနေတာ ဖြစ်ရမယ်။

## ရဲတပ်ဖွဲ့ထံ အကြောင်းကြားပါ

ဆေးခြောက်အထုပ်ပေါင်း ၂၀၀ လောက် ပင်ဆီဗေးနီးယားပြည်နယ် ရဲတပ်ဖွဲ့က ဖမ်းဆီးရမိလိုက်ပါတယ်။ ဆေးခြောက်များရဲ့ စုစုပေါင်း တန်ဖိုးက အမေရိကန်ဒေါ်လာ ၁. ၅ သန်းဖြစ်ပါတယ်။

ဒီဆေးခြောက်ထုပ်တွေနဲ့ပတ်သက်ပြီး ပင်ဆီဗေးနီးယားပြည်နယ် ရဲတပ်ဖွဲ့က အခုလို ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။

"ဆေးခြောက်ထုပ်ပျောက်ဆုံးသူများ ပင်ဆီဗေးနီးယားပြည်နယ် ရဲတပ်ဖွဲ့ထံ ဆက်သွယ်အကြောင်းကြား အသိပေးနိုင်ပါတယ်"



E00006
900.00 KS

mgyde.com

mgyoe.com


| | | |
|---|---|---|
| မျက်နှာဖုံး | · | အမ်အက်စ်အို |
| ထုတ်ဝေသူ | · | ဦးစန်းဦး(မြဲ-၀၃၈၂၃)၊ |
| | · | စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄ လမ်း၊တာမွေ။ |
| ပုံနှိပ်သူ | · | ဒေါ်ဝင်းမာ(မြဲ-၀၉၇၃၃)၊ စိတ်ကူးချိုချို |
| | · | ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။ |
| စာအုပ်ချုပ် | · | ဦးမြင့်၊ ညီဝင်းမြင့် |

ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊ ၂၀၁၈၊ ဂျူလိုင်လ

မောင်ဒိုးခ
အိတ်ဆောင်ဟာသများ။ – ရန်ကုန်။
စာမျက်နှာ ၁၃၃ မျက်နှာ၊
၁၀ .၅ စင်တီ× ၁၆ .၅ စင်တီ
(၁) အိတ်ဆောင်ဟာသများ


mgyoe.com

mgyoe.com

# မောင်ဒိုးခ
# အိတ်ဆောင်ဟာသများ

တန်ဖိုး – ၉၀၀ ကျပ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မေ့နေတာကြာပြီ

ပြီးခဲ့တဲ့လက ကျွန်တော်တို့သူငယ်ချင်းတစ်သိုက် ငပလီကို အပန်းဖြေခရီးထွက်ခဲ့ကြပါတယ်။ ဘောချင်းကပ် ဘန်ဂလိုမှာတည်းနေတာက အသက် ၇၀ ကျော် အဘိုးကြီးအဘွားကြီးမောင်နှံ၊ အဘွားကြီးက သူ့ယောကျ်ားကို ကိုကြွက်... ကိုကြွက်လို့ခေါ်တာကြောင့် အဘိုးကြီးနာမည်သိရပေမဲ့ အဘိုးကြီးကတော့ ခေတ်ဆန်ဆန်လည်း ခေတ်ဆန်ဆန်ဆိုတော့ အဘွားကြီးကို ချစ်ရေ၊ အသည်းရေ၊ ဒါလင်ရေ၊ ဆွိတီနဲ့ တကျော်ကျော် ခေါ်နေတတ်ပါတယ်။ တစ်ရက် ထမင်းစားခန်းမှာ ဆုံတော့ ကျွန်တော် စပ်စုမိတယ်။

ကျွန်တော်။ ။ အဘကတော့ဗျာ... အရမ်းမိုက်တာပဲ။

အဘိုးကြီး။ ။ ဟေ...

ကျွန်တော်။ ။ အသက်သာကြီးတယ်၊ အဘွား

mgyoe.com



ကို ဒါလင်ရေ၊ အချစ်ရေနဲ့
တကျော်ကျော် ခေါ်နေတုန်း။
အဘိုးကြီး။ ။ ဟဲ့ကောင်… ငါ့တူရဲ့။ သွား
လည်းမပြောနဲ့။ အဘွားကြီး
နာမည် ငါမေ့နေတာ သုံးနှစ်
လောက် ရှိသွားပြီကွ။

❖

mgyoe.com

mgyoe.com


## ဗွင့်ပြီးသားဖြစ်နေလို့ပါ

ခရစ္စမတ်ကာလဆိုတော့ ကျွန်တော်တို့ဆိုင်မှာ ဈေးဝယ်တွေ ကျနေတာပေါ့။ အမျိုးသမီးကြီးတစ်ယောက်က ခရစ္စမတ်သစ်ပင်မှာထွန်းဖို့ မီးလုံးတွဲလေးတွေ လာဝယ်ပါတယ်။ အဲဒီမှာ ကျွန်တော်လည်း ကောင်းပေ့ဆိုတဲ့ မီးလုံးတွဲလေးတွေ လိုက်ပြတာပေါ့။ နောက်ဆုံးပေါ် မီးလုံးတွဲတစ်ခုကို အဲဒီအမျိုးသမီးကြီး သဘောကျပြီး ဈေးမေးပါတယ်။ ဈေး ဘယ်လောက်ကျသလဲဆိုတာ သိရပြီးတဲ့နောက် ဝယ်ဖို့ ဆုံးဖြတ်ပါတယ်။ ပြီးတော့ မီးလုံးတစ်ခုချင်း ကျွမ်း မကျွမ်း စစ်ဆေးဖို့ ကျွန်တော့်ကို ပြောပါတယ်။ ကျွန်တော်ကလည်း စစ်ပေးနေကျဆိုတော့ တစ်လုံးချင်းကို ပလပ်မှာတပ်ပြီး စစ်ပေးလိုက်ပါတယ်။ အားလုံးကောင်း

mgyoe.com

mgyoe.com

တယ်၊ အားလုံးလင်းတယ်။ ဘာမှ အမှားအယွင်းမရှိ၊ ဘာပြဿနာမှမရှိ။ ဒါနဲ့ အဲဒီမီးလုံးတွဲကို ကတ်ဘူးထဲ ပြန်ထည့်၊ ထုပ်ပိုးဖို့ လုပ်နေတုန်း...

အမျိုးသမီး။ ။ အဲဒီမီးလုံးတွဲကို မယူတော့ဘူး။

ကျွန်တော်။ ။ ခင်ဗျာ ဘာဖြစ်လို့ပါလဲ၊ အကုန်လုံးလင်း...

အမျိုးသမီး။ ။ ကတ်ဘူးက ဖွင့်ပြီးသားချည်းဖြစ်နေတာကိုး။

❖

mgyoe.com

mgyoe.com


# စိတ်မပူပါနဲ့

တစ်နေ့မှာ ကျွန်တော် အလုပ်လုပ်နေတဲ့ ဘဏ်တိုက်ထဲကို အမျိုးသမီးတစ်ယောက် ရေးကြီးသုတ်ပျာနဲ့ ဝင်လာပါတယ်။ အကြောင်းကတော့ သူ့ငွေစာရင်းကနေ ကျွန်တော်တို့ ထုတ်ပေးလိုက်ရတဲ့ ရှင်းတမ်းတစ်ခုကြောင့်ပါ။ အဲဒီရှင်းတမ်းဟာ ဘာအတွက် ပေးတယ်၊ သူဝယ်တာ ဟုတ်မဟုတ် စစ်ဆေးခိုင်းတာပါ။ ဒါနဲ့ ကျွန်တော်လည်း အမျိုးသမီးကို ရှင်းပြရပါတယ်။ စိတ်မပူဖို့နဲ့၊ သူဝယ်တဲ့ပစ္စည်းပဲ မှားယွင်းပေးမိတာဆိုရင် ငွေပြန်လျော်ပေးပါမယ်ပေါ့။

အမျိုးသမီးရဲ့ငွေစာရင်းကို ကျွန်တော် စစ်ဆေးနေတုန်းမှာပဲ တယ်လီဖုန်းတစ်ခု ဝင်လာပါတယ်။ အဲဒီအမျိုးသမီးထံကပါ။ သူက ဘာပြောသလဲဆိုတော့...

mgyoe.com

mgyoe.com



အမျိုးသမီး။ ။ ဆရာရေ... စိတ်မပူနဲ့တော့နော်။ ကျွန်မ မှတ်မိပြီ။ ဆရာတို့လည်း ငွေပြန်အမ်းစရာမလိုတော့ဘူး။ အခုမှ ကျွန်မ ပြန်သတိရတယ်။ အဲဒီနေ့က ကျွန်မဝယ်ခဲ့တာ မှတ်ဉာဏ်ကောင်းဆေးတွေဆရာရေ့၊ ခုမှ သတိပြန်ရတယ်... ပါတဲ့။

❖

mgyoe.com

mgyoe.com



## ကွာချင်ရတဲ့အကြောင်း

တရားသူကြီး ။ ။ အခင်းဖြစ်တဲ့ မနက်က သူငယ်မရဲ့ ယောကျ်ား အိပ်ရာက နိုးနိုးချင်း ဘာပြောလိုက်သလဲ။

အမျိုးသမီး ။ ။ ကျွန်မယောကျ်ား အိပ်ရာက နိုးနိုးချင်းပြောလိုက်တဲ့စကားက 'ချယ်ရီရေ… ငါ ဘယ်ကိုရောက်နေတာလဲ' တဲ့။

တရားသူကြီး ။ ။ ဒီလောက်ကလေး ပြောရုံနဲ့ သူငယ်မရယ်… ကွာချင်ရတယ်လို့။


အမျိုးသမီး ။ ။ ကျွန်မနာမည်က ကေသီပါ တရားသူကြီးမင်း။

❖

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



၁၄

## လင်နဲ့မယားပဲ


လင် ။ ။ မိန်းမတွေဟာ ဘာတစ်ခုမှလည်း မဝယ်ဘဲနဲ့ ဘာ့ကြောင့် ဈေးဝယ်ထွက်တယ်၊ ထွက်တယ် ပြောကြတာလဲ။

မယား ။ ။ ယောကျာ်းတွေဟာ ငါးတစ်ကောင်မှလည်း ဖမ်းမိသေးဘဲနဲ့ ဘာ့ကြောင့် ငါးမျှားထွက်တယ်ပြောကြတာလဲ။

❖

mgyoe.com

mgyoe.com


သုံးနှစ်နဲ့ ခြောက်နှစ်လောက်တော့
ဝေးဝေးနေရတာပေါ့ .

ပင်ဆီဗေးနီးယားပြည်နယ်မှာ ရှိတဲ့ ဘဏ်တိုက်တစ်ခုကို အန်သိုနီမီလာဆိုတဲ့ ပုဂ္ဂိုလ် ဝင်ဓားပြတိုက်ပါတယ်။ ဘဏ်ထဲရောက်ပြီဆိုတာနဲ့ မီလာဟာ သေနတ်ဆွဲထုတ်၊ ဘဏ်စာရေးကို ငွေထုတ်ခိုင်းပါတော့တယ်။ ငွေတွေရတော့မှ မီလာက စာရေးကို သေနတ်ချိန်ရက်နဲ့ ရဲခေါ်ခိုင်းပါတယ်။ စာရေးလည်း မယုံ

mgyoe.com

mgyoe.com



တစ်ဝက် ယုံတစ်ဝက်နဲ့ ရဲခေါ်ရတော့တာပေါ့။ ဒါနဲ့ပဲ ရဲတွေ ရောက်လာပြီး မီလာ့ကိုဖမ်း၊ စစ်ကြ ဆေးကြ လုပ်ကြတာပေါ့။ သူ့အပြုအမူက ထူးဆန်းနေတာကိုး။ ဒီမှာတင် ဘဏ်စားပြပုဂ္ဂိုလ်ကြီးက ခပ်အေးအေးပဲ ရှင်းပြခဲ့ပါတယ်။ သူ့မိန်းမနဲ့ ဝေးဝေးနေချင်လို့ ခုလိုတွေ လုပ်ရတာပါတဲ့။ သူ့အမှု ရုံးရောက်တော့ တရားသူကြီးက မီလာ့ကို ထောင်ဒဏ်သုံးနှစ်ကနေ ခြောက်နှစ်အထိ ပြစ်ဒဏ်ပေးလိုက်ပါသတဲ့။

❖

mgyoe.com

mgyoe.com


## ကွာတာက စာအုပ် ထုတ်ပေးတာပါ

စာရေးဆရာမ ဒေါ်ကကြီး ကွယ်လွန်သွားရှာပါတယ်။ ထုံးစံအတိုင်း စိန့်ပီတာသူတော်စင်နဲ့ တွေ့တာပေါ့။ စိန့်ပီတာခမျာ သဘောကောင်းရှာပါတယ်။ ဒေါ်ကကြီးကို ငရဲပြည်သွားချင်သလား၊ နိဗ္ဗာန်ဘုံ သွားချင်သလား ရွေးခိုင်းပါတယ်။ ဒေါ်ကကြီးက စာရေးဆရာမပီပီ စူးစမ်းလေ့လာလိုစိတ် အပြည့်အဝရှိတာကြောင့် သူတော်စင်ကြီးကို ငရဲပြည်ဆိုတာဘယ်လို၊ နိဗ္ဗာန်ဘုံဆိုတာ ဘယ့်နှယ် သိလိုကြောင်း မေးမြန်းပါတယ်။ စိန့်ပီတာကလည်း သဘောကောင်းသူပီပီ ဒေါ်ကကြီးကို လေ့လာခွင့်ပြုပါတယ်။ ပထမဆုံး ဒေါ်ကကြီး သွားလေ့လာတာက ငရဲပြည်ကိုပါ။

ငရဲပြည်မှာ စာရေးဆရာမ ဒေါ်ကကြီး စာရေး

mgyoe.com

mgyoe.com


ဆရာတော်တော်များများကို တွေ့ရပါတယ်။ တချို့ကို သူသိပြီး တချို့ကိုတော့ သူမသိပါဘူး။ ဒါပေမဲ့ သူ သိသိ မသိသိ ဒီစာရေးဆရာတွေ ခံနေရတဲ့ ဒုက္ခ ဆင်းရဲက အတူတူပါပဲ။ အားလုံးဟာ အလွန်ပူတဲ့ အခန်းထဲမှာ စာတွေ တကုတ်ကုတ်ရေးနေကြရပြီး မကြာခဏဆိုသလို ငရဲသားတွေက ကြာပွတ်တွေနဲ့ လာလာရိုက်ပါတယ်။ ဒီမြင်ကွင်းကို မြင်ရတော့ ဒေါ်ကကြီး စိတ်မကောင်းဘူးပေါ့။ ဘဝတူ စာရေး ဆရာတွေကိုး။

ငရဲပြည်လေ့လာရေးခရီးပြီးတော့ စိန့်ပီတာက သူ့ ကတိအတိုင်း ဒေါ်ကကြီးကို နိဗ္ဗာန်ဘုံ ပို့ပေးပါတယ်။ နိဗ္ဗာန်ဘုံမှာလည်း စာရေးဆရာတော်တော်များများကို ဒေါ်ကကြီး တွေ့ရပြန်တာပဲ။ တချို့လည်း သူသိ၊ တချို့လည်း သူမသိပေါ့။ ဒါပေမဲ့ နိဗ္ဗာန်ဘုံမှာလည်း စာရေးဆရာတွေဟာ ခုနက သူတွေ့ခဲ့တဲ့ ငရဲဘုံလို ပဲ အင်မတန်မှ ပူလောင်တဲ့အခန်းထဲမှာ စာတွေ တကုတ်ကုတ်ရေးကြ၊ ကြာပွတ်တွေနဲ့ အရိုက်ခံလိုက် ရ၊ ငရဲပြည်လိုပဲ ဘာမှမထူးပါဘူး။

ငရဲပြည်နဲ့ နိဗ္ဗာန်ဘုံနှစ်ခုစလုံးကို လှည့်ကြည့်ပြီး တဲ့နောက် ဒေါ်ကကြီး စိန့်ပီတာနဲ့ ပြန်ဆုံပါတယ်။ အဲဒီမှာ မေးတော့တာပေါ့။

mgyoe.com

mgyoe.com


ဒေါ်ကကြီး ။ ။ စိန့်ပီတာအရှင်ဘုရား... ငရဲပြည်နဲ့ နိဗ္ဗာန်ဘုံ ဘာမှလည်း မကွာပါလားဘုရား။ တပည့်တော်မတို့ စာရေးဆရာတွေ ပူပူလောင်လောင်အခန်းထဲမှာ စာတွေ ရေးရ၊ စိတ်မထင်ရင် မထင်သလို ကြာပွတ်နဲ့ အရိုက်ခံရနဲ့...။

စိန့်ပီတာ ။ ။ အင်း... ကွာခြားချက်ကို ဒေါ်ကကြီး မသိသေးဘဲကိုး။ နိဗ္ဗာန်ဘုံမှာတော့ အဲဒီစာရေးဆရာတွေရေးပြီးသမျှကို စာအုပ်အဖြစ် ထုတ်ပေးတယ်ဗျ။

❖

mgyoe.com

mgyoe.com



## ကွာပုံက

မေးခွန်း ။ ။ ပထမအိမ်ထောင်ကျတုန်းက ဟန်းနီးမွန်းနဲ့ ဒုတိယအိမ်ထောင်နဲ့ ဟန်းနီးမွန်း ဘယ်လိုကွာသလဲ။

အဖြေ ။ ။ ပထမအိမ်ထောင်နဲ့တုန်းက သွားတဲ့ ဟန်းနီးမွန်းက နိုင်ယာဂရာပါ။ ဒုတိယအိမ်ထောင်နဲ့မှာတော့ ဗိုင်ရာဂရာပါ။

* နိုင်ယာဂရာ = အမေရိကန်ပြည်ထောင်စု၏ နာမည်ကျော်ရေတံခွန် အပန်းဖြေစခန်း

* ဗိုင်ရာဂရာ = အသက်အရွယ် ထောက်လာသည့် ယောက်ျားများ သောက်ရသည့် အားဆေး။

❖

mgyoe.com

mgyoe.com



## လေးဂဏန်း ရှာမတွေ့လို့ပါ

တစ်နေ့က ကုန်တိုက်တစ်ခုထဲ ပစ္စည်းဝင်ဝယ်ရင်း ဟမ်ဘာဂါဆိုင်တစ်ခုနား ဖြတ်သွားမိပါတယ်။ ဆိုင်ရှေ့မှာ ထင်ထင်ရှားရှားကြီး ရေးထားတာက "ကြွက်ဟမ်ဘာဂါဆိုင်၊ ၂၅ နာရီဖွင့်သည်" ဆိုတဲ့ ဆိုင်းဘုတ် မကြီးမသေးတစ်ခုခုပါပဲ။ ဒါပေမဲ့ ဆိုင်းဘုတ်က ရေးထားတာမဟုတ်ဘဲ ပလတ်စတစ်စာလုံးပြားလေးတွေကို ကော်နဲ့ ကပ်ထားတာပါ။ ပစ္စည်းဝယ်ယူပြီး ပြန်အထွက်မှာ ကျွန်တော်လည်း မနေနိုင်ဘဲ ဟမ်ဘာဂါဆိုင်က စားပွဲထိုးလေးကို မေးမိပါတယ်။

ကျွန်တော်။ ။ ညီလေး... ခဏကွာ... မင်းတို့ဆိုင်က ၂၅ နာရီ ဝန်ဆောင်မှုပေးတယ်ဆိုတာက...

စားပွဲထိုး ။ ။ လေးဂဏန်း ရှာလို့မတွေ့လို့ပါအစ်ကို၊ အထွေအထူး မဟုတ်ပါဘူး။

❖

mgyoe.com

m.gyoe.com



# မှားတဲ့အခါလည်း မှားပေမပေါ့

ကျွန်တော် တရားရုံးသတင်း လိုက်ရတုန်းက လင်မယားကွာရှင်းလိုမှုတစ်ခုနဲ့ ကြုံခဲ့ရပါတယ်။

ခင်ပွန်း၏ရှေ့နေ ။ ။ တရားသူကြီးမင်း ခင်ဗျား... ကျွန်တော့်ရဲ့ အမှုသည်ဟာ ထရပ်ကားဒရိုင်ဘာ ဖြစ်ပါတယ်။ သူ့နယ်ဝေး ခရီးသွားနေတုန်း ဟော့ဒီ ရုံးတော်ရှေ့မှောက်မှာ ရှိတဲ့ ဇနီးသည်ဟာ တခြားသူစိမ်းယောက်ျား တစ်ယောက်ကို အိမ်

mgyoe.com

mgyoe.com


ခေါ် အိပ်ပါတယ်။

ဇနီးသည် ။ ။ (ထိုင်နေရာမှ ထခုန်လိုက်ပြီး) မဟုတ်ပါဘူး တရားသူကြီးမင်း၊ မဟုတ်ပါဘူးရှင့်။ ဒီအံချက်ဟာ ပါစင်အောင် လွဲမှားနေပါတယ်။ ကျွန်မယောကျ်ားဟာ ထရပ်ကားဒရိုင်ဘာမဟုတ်ပါဘူးရှင့်။

❖

mgyoe.com

mgyoe.com

## အလုပ်ကြိုးစားလိုက်ပုံက

ဆောင်းတွင်းတစ်ရက်မှာ ကျွန်တော့်အိမ်ရှေ့ခြံမီး ဆေးစသုတ်ပါတယ်။ ဆေးသုတ်သမား မောင်မင်းကြီးသားက လာတစ်ရက်၊ မလာတစ်ရက်ပါ။ ရာသီဥတုကလည်း ဆောင်းတွင်းဖြစ်ပြီး မိုးလေးရွာလိုက်၊ မိုးအုံ့လိုက်နဲ့ဆိုတော့ ဆေးသုတ်ရတာ အဆင်မပြေပါဘူး။ တစ်ရက်မှာတော့ ဆေးသုတ်သမား ရောက်လာပြန်ပါတယ်။ မိုးလေဝသသတင်းကလည်း တစ်ပတ်လောက် ရာသီဥတုကောင်းမယ် ပြောထားတော့ ဆရာသမားကို ကျွန်တော် စကားစမိတာပေါ့။

ကျွန်တော်။ ။ မောင်ရင်ရောက်လာတာ အတော်ပဲ။ ရာသီဥတုကလည်း လင်းလင်းချင်းချင်း ရှိနေတာနဲ့...

mgyoe.com

mgyoe.com


ဆေးသုတ်သမား ။ ။ ဟုတ်ကဲ့ပါဆရာ...
ဒါပေမဲ့ ကျွန်တော် သိပ်အကြာ
ကြီး...

ကျွန်တော်။ ။ အေးကွာ... တစ်ပတ်လောက်
နေပွင့်နေမှာဆိုတော့ တို့အလုပ်
တွေ ပြီးတန်ကောင်းပါရဲ့။

ဆေးသုတ်သမား ။ ။ ပြီးနိုင်ပါတယ်ခင်ဗျာ။
ဒါပေမဲ့ နက်ဖြန်တော့ ကျွန်
တော် လာနိုင်မှာမဟုတ်ပါဘူး။
မိသားစုနဲ့ ပျော်ပွဲစားထွက်ဖို့
စီစဉ်ထားလို့ပါ။

❖

mgyoe.com

mgyoe.com



## မှားပါတယ်

စာရင်းစစ် စာရင်းကိုင်တစ်ယောက် ညအိပ် မပျော်ပါဘူး။ ဒါနဲ့ အိပ်မပျော်တဲ့လူတွေကို ဆရာဝန်တွေ အကြံပေးတဲ့ သိုးအုပ်ကြီးကို မျက်စိထဲမြင်၊ ပြီးတော့ အဲဒီသိုးအုပ်ကို တစ်ယောက်ချင်းရေ၊ သိုးအုပ်မကုန်ခင် အိပ်ပျော်သွားမယ်ဆိုတဲ့ နန်းဟောင်းကြီးကို အသုံးချပါတယ်။ သို့သော်လည်း အဲဒီစာရင်းစစ် တစ်ညလုံး အိပ်မပျော်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သိုးအုပ်ကို ရေတာမှားပြီး တစ်ညလုံး စာရင်းတွေ ပြန်စစ်နေရလို့ပါ။

❖

mgyoe.com

mgyoe.com


## မူးနေတာ သိရဲ့သားနဲ့

ရဲအရာရှိတစ်ဦးက မူးပြီး မောင်းသလား မသင်္ကာ လို့ ယာဉ်တစ်စီးကို လက်တားပြီး ရပ်ခိုင်းပါတယ်။

ရဲအရာရှိ ။ ။ အစ်ကိုကြီး... ဟောဒီ အာငွေ့ တိုင်းတာလေး ရှူကြည့်ပါ။ (မူး နေလျှင် အာငွေ့တိုင်းရာ၌ ပြ သည်။)

ယာဉ်မောင်း။ ။ မလုပ်ပါနဲ့ ညီလေးရယ်၊ ကိုယ် က ပန်းနာရင်ကျပ် ရှိလို့ပါ။

ရဲအရာရှိ ။ ။ ဒါဆို စခန်းကို လိုက်ခဲ့ပါ။ သွေးစစ်ကြည့်လိုက်ကြတာပေါ့။

ယာဉ်မောင်း။ ။ မလုပ်ပါနဲ့ ညီလေးရယ်၊ ကိုယ့် မှာ သွေးမတိတ်တဲ့ရောဂါ ရှိလို့

mgyoe.com

mgyoe.com






ပါ။ သွေးဖောက်လိုက်ရင် ကိုယ်သေသွားမှာပေါ့။

ရဲအရာရှိ ။ ။ အာငွေ့လည်းမရှူချင်၊ သွေးလည်း ဖောက်လို့မရနဲ့ဆိုတော့ ဆီးနမူနာလေး...

ယာဉ်မောင်း။ ။ ဒုက္ခပဲ ညီလေးရေ၊ ကိုယ့်မှာ ဆီးချိုးရှိတယ်လေ။ အဲဒီလိုလုပ်လိုက်ရင် သကြားဓာတ် အဆမတန် လျော့ကျပြီး ခေါင်းတွေမူးလာမှာပေါ့။

ရဲအရာရှိ ။ ။ ကောင်းပြီ အစ်ကိုကြီးရေ၊ ဒါဆိုဟောဒီကားပေါ်ကဆင်း၊ ဟော

mgyoe.com

mgyoe.com


ဒီ မျဉ်းဖြူလိုင်းအတိုင်း တည့်
တည့်လျှောက်ပြပါ။

ယာဉ်မောင်း။ ။ မလုပ်ပါရစေနဲ့ ညီလေးရာ၊
ကိုယ်သောက်ထားတာ နည်း
နည်းများလို့ပါ။

❖

mgyoe.com

mgyoe.com


## မေးတတ်လိုက်ပုံများ

ဩစတြေးလျ ဟာသဖျော်ဖြေသူ ဘယ်ရီဟမ်ဖရီးနဲ့ မင်းသမီးကြီး ဂျိန်းဆေဖောတို့ တွေ့ဆုံခဲ့ကြပါတယ်။ ရုပ်သံလိုင်းတစ်ခုအတွက် တွေ့မေးပြုလုပ်ဖို့ ဆုံတွေ့ခဲ့ကြတာဖြစ်ပြီး ဘယ်ရီတစ်ယောက် အိမ်ထောင်ဆက်များလှတဲ့ မင်းသမီးကြီးကို အခုလို မေးမြန်းခဲ့ပါတယ်။

ဘယ်ရီ ။ ။ ဂျိန်းဆေဖောခင်ဗျာ... မင်းသမီးရဲ့ဘဝတစ်သက်တာမှာ အောင်မြင်တဲ့ အိမ်ထောင်ရေးများကို ဘယ်လိုတည်ဆောက်ခဲ့ပါသလဲ။

❖

mgyoe.com

mgyoe.com



## ဝယ်လိုက်ရပြီထင်လို့

ကျွန်မခွေးလေး ဒိုမိနိုက သိပ်အဖော်ရပါတယ်။ တစ်ရက်မှာ သူ့ကို အဖော်ခေါ်၊ လမ်းဆုံလမ်းခွနေရာမှာထားပြီး မျက်မြင်တွေကို ကူညီတဲ့ ခွေးလေးတွေရန်ပုံငွေအတွက် အလှူခံပါတယ်။ ဒိုမိနိုရှေ့မှာ ခွက်ကလေးတစ်ခု ချထားပြီးတော့ပေါ့။ အဲဒီမှာ ကလေးလေးတစ်ယောက် ဒိုမိနိုရှေ့က ခွက်လေးထဲ ဆင့် ၂၀ အလှူငွေလာထည့်ပါတယ်။ ပြီးတော့ ဒိုမိနို့ဘေးမှာ အကြာကြီး ရပ်နေပါတယ်။ တော်တော်ကြာတော့မှ သူ့အမေက ချော့မော့ပြီး လာခေါ်သွားတော့မှ ဒိုမိနို့ဘေးက မျက်စိမျက်နှာပျက်ပျက်နဲ့ ထွက်သွားပါတယ်။ ကျွန်မလည်း စိတ်မကောင်းဘူးပေါ့။ ဒါနဲ့ သူ့အမေကို လှမ်းမေးကြည့်ရပါတယ်။ ကလေး

mgyoe.com

mgyoe.com





ဘာဖြစ်သလဲပေါ့။ သူ့အမေက အခုလို ပြန်ဖြေပါ တယ်။

မိခင် ။ ။ စိတ်မကောင်းမဖြစ်နဲ့ ညီမလေး ရေ၊ သားက ဆင့် ၂၀ ပေးပြီး ရင် အဲဒီခွေးလေးကို သူ အပိုင် ဝယ်လိုက်ရပြီလို့ ထင်နေတာ။

❖

mgyoe.com

mgyoe.com




## တစ်ပတ်ရစ်အဟောင်းကြီးများ

ငွေကြေးချမ်းသာတဲ့ အမျိုးသမီးနှစ်ယောက် အကြွားပြိုင်နေကြပါတယ်။ သူတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့ တစ်ယောက် နှိပ်နယ်ပြောနေကျလည်း ဖြစ်ပါတယ်။

ပထမအမျိုးသမီး ။ ။ အေမိရေ… ကိုယ်တော့ ရှေးဟောင်းပစ္စည်း အရောင်းဆိုင်က ခုတင်ကြီးတစ်လုံး ဝယ်လာခဲ့

mgyoe.com

mgyoe.com


တယ်ဆရာ။ အဲဒီခုတင်
ကြီးကလေ နပိုလီယန်
ဘိုနာပတ်နဲ့ သူ့ချစ်သူ
ဂျိုဆဖင်းတို့ အိပ်တဲ့
ခုတင်ကြီးတဲ့။

ဒုတိယအမျိုးသမီး။ ။ ညည်းနှယ်အေ၊ တစ်
ပတ်ရစ်အဟောင်းကြီး
အဲဒီလောက် ဈေးပေး
ပြီး ဝယ်လာရတယ်လို့။

❖

mgyoe.com

mgyoe.com



## ကဲ... မှတ်ကရော

ဦးကကြီးဟာ ပြဇာတ် သိပ်ကြိုက်ပါတယ်။ ဘယ်ပြဇာတ်မဆို ပထမဆုံးပွဲ၊ ပထမဆုံးတန်းက ကြည့်လိုက်ရမှ ပြဇာတ်ထဲမှာလည်း သူကြိုက်တဲ့ ပြဇာတ်အမျိုးအစားက လျှို့ဝှက်သည်းဖို၊ လျှို့ဝှက်သည်းဖိုပြဇာတ်ဆို မိုးရွာရွာ နေပူပူ ထိပ်ဆုံးတန်းက ကြည့်လိုက်ရမှ။ ပြီးတော့ ပြဇာတ်မစခင် အစောကြီးလည်း သွားလေ့ရှိတယ်။ ဒါမှ ပြဇာတ်အစကို မိပြီး ဘယ်သူဘယ်ဝါ လူသတ်သမားဆိုတာ ပြည့်ပြည့်စုံစုံ သူ ခန့်မှန်းလို့ရမှာကိုး။ တစ်နေ့ သူသိပ်ကြိုက်တဲ့ ပြဇာတ် ဝဇီရာမှာ ရုံတင်တယ်။ ပြဇာတ်နာမည်ကိုက 'ကိုကြွက်ကို ဘယ်သူသတ်သလဲ' တဲ့။

ဒါပေမဲ့ ပြဇာတ်ရုံကို အကြောင်းကြောင်းကြောင့် သူ နောက်ကျပြီးရောက်သွားတယ်။ ပြဇာတ်က စလုစခင်၊ ပဏာမတီးလုံး တီးနေပြီ။ အဲဒီမှာ ဦးကကြီး ခွကျတော့တာပေါ့။ နေရာကောင်းကောင်း သူ မရနိုင်

mgyoe.com

mgyoe.com



တော့ဘူးလေ။ ဒီမှာတင် အကြံအဖန်လုပ်ရတော့တာ ပေါ့။ ခုံနေရာလိုက်ပြတဲ့ ပြဇာတ်ရုံစောင့် လုလင်လေး ကိုခေါ်ပြီး

ဦးကြီး ။ ။ ညီလေး... ရှေ့နားက ခုံတစ်ခုံ လုပ်ပေးဦးကွာ။ ဒါမှ ငါ သဲသဲ ကွဲကွဲ မြင်ရမှာ။ မင်းသိတဲ့ အတိုင်း ဘယ်သူ တရားခံလဲ ဆိုတာ သိဖို့က မှုန်တိမှုန်မွား မြင်နေရလို့ မဖြစ်ဘူးလေ။

ဒါနဲ့ ရုံစောင့်လုလင်လေးက ဦးကြီးကို အကြံ အဖန်လုပ်ပြီး ရှေ့ဆုံးကခုံမှာ နေရာချပေးလိုက်တယ်။ ဒီမှာတင် ဦးကြီးလည်း ဝမ်းသာအားရနဲ့ အဲဒီရှေ ဆုံးခုံမှာ ဝင်ထိုင်ပြီး ကောင်လေးကို မုန့်ဖိုးပေးလိုက် တယ်။ ငါးကျပ်တဲ့။ ဒီမှာတင် ရုံစောင့်ကောင်လေး လည်း မကျေမနပ်ဖြစ်ပြီး အခုလို ပြောချလိုက်ပါ တော့တယ်။

ရုံစောင့် ။ ။ အဘရေ... လူသတ်မှုကျူးလွန် တာ ထမင်းချက်ပဲဗျို့။ တခြား တောင် တောင် အီ အီ တွေ လျှောက်ထင်မနေနဲ့။

❖

mgyoe.com

mgyoe.com


# အကြံကြီးလိုက်ပုံက

ဖေဖော်ဝါရီလ ၁၄ ရက် ချစ်သူများနေ့ (ဗယ်လင်တိုင်းနေ့) မှာ အမျိုးသမီးတစ်ဦးဟာ ချစ်သူများနေ့ အထိမ်းအမှတ် ပို့စ်ကတ် ၄၀,၀၀၀ ကို တစ်နေ့တည်း ပို့ပါသတဲ့။ ပို့စ်ကတ်တိုင်းကို ပြသော် ရေမွှေးလေးတွေ သင်းသင်းလေးဖြစ်အောင် ဆွတ်ထားပြီး စာရွက်ပေါ်မှာတော့ "အချစ်ရေ... ဘယ်သူပို့သလဲဆိုတာ မှန်းကြည့်နော်" လို့ ရေးထားပါသတဲ့။ အဲဒီလိုရေးပြီး အောက်မှာတော့ ဘာလက်မှတ်မှ မထိုး၊ ဘာနာမည်မှ ရေးမထားဘူးတဲ့ကွယ်။ ဩော်... ပြောဖို့ တစ်ချက်ကျန်သေးတယ်။ အဲဒီအမျိုးသမီးရဲ့ အလုပ်အကိုင်က လင်မယားကွာရှင်းမှုတွေကို လိုက်တဲ့ ရှေ့နေပါတဲ့ကွယ်။

❖

mgyoe.com

mgyoe.com



## အိပ်မပျော်ရတဲ့အကြောင်း

စိတ်ရောဂါအထူးကုဆရာဝန် ॥ ॥ ခင်ဗျား ညဘက် အိပ်မပျော်ဘူးဆို။

လူနာ ॥ ॥ ဟုတ်ပါတယ် ဆရာ၊ ဒါ့ကြောင့် ဆရာ့ဆီ လာတာပါ။

ဆရာဝန် ॥ ॥ ဘာဖြစ်လို့ အိပ်မပျော်တာလဲ။

လူနာ ॥ ॥ ကမ္ဘာ့ကိစ္စတွေအကုန်လုံး ကျွန်တော် ရှင်းပေးနေရလို့ပါ။

ဆရာဝန် ॥ ॥ ဟုတ်ပြီ၊ အဲဒီကိစ္စတွေကရော ရှင်းလို့ရရဲ့လား။

လူနာ ॥ ॥ အကုန်ရှင်းလို့ရပါတယ်ဆရာ။

ဆရာဝန် ॥ ॥ ဒါဆို ဘာ့ကြောင့် ခင်ဗျားက အိပ်မပျော်နိုင်ဘဲ ဖြစ်နေတာပဲ။

လူနာ ॥ ॥ ကိစ္စတွေ အကုန်ရှင်းပြီးကုန်တော့ သက်ဆိုင်ရာအစိုးရတွေက ကျွန်

mgyoe.com

mgyoe.com


တော့်ကို ဂုဏ်ပြုတဲ့အနေနဲ့ ချီ
တက် အလေးပြုပွဲတွေ လုပ်နေ
တာ... ဆရာရယ်။ မိးရှုးမိးပန်း
လွှတ်တာတွေရော၊ ဘင်ခရာသံ
တွေရောနဲ့ ဘယ်လိုလုပ် အိပ်လို့
ပျော်မှာလဲ။

❖

mgyoe.com

mgyoe.com



# ဘယ်လိုမှ မဖြစ်နိုင်ပါ

ရှယ်လီတစ်ယောက် အိပ်ရာကနေ အလန့်တကြား နိုးလာပါတယ်။ ချွေးတွေလည်း ရွှဲလို့။ ဟိုဟိုဒီဒီ ဘေးဘီကိုကြည့်ပြီး ဘေးက အိပ်နေတဲ့ ခင်ပွန်းသည်ကို ကြောက်လန့်တကြားနဲ့ နှိုးတာပေါ့။

ရှယ်လီ ။ ။ မောင်ရေ... မောင်... မောင်။

ခင်ပွန်း ။ ။ ဟေ... အချစ် ဘာဖြစ်တာလဲ။

ရှယ်လီ ။ ။ အိပ်မက်ဆိုး မက်လို့ မောင်ရေ။

ခင်ပွန်း ။ ။ ဘယ်လိုအိပ်မက်ဆိုးတုံး အချစ်ရဲ့။

ရှယ်လီ ။ ။ အိပ်မက်ထဲမှာ ကျွန်မက လှလှပပ နုနုပျိုပျိုနဲ့ သေသွားတာတဲ့ မောင်ရယ်။

ခင်ပွန်း ။ ။ ဟာ... ဒါဆို စိတ်ချလက်ချ ပြန်သာအိပ်။ အပြင်မှာ မင်း အဲဒီလို ဘယ်တော့မှ မဖြစ်နိုင်ဘူး။ အိပ်သာအိပ်၊ ဆက်အိပ်။

❖

mgyoe.com

mgyoe.com


## ကျွန်တော့်လိုပဲပေါ့

သောအိမ်နဲ့ ကျွန်တော့်အိမ်က ပုံစံတူပါ။ တစ်နေ့မှာ ကျွန်တော့်အိမ်ကို ဆေးသုတ်ပါတယ်။ ချောကလက်နုရောင်လေးပေါ့။ ကျွန်တော် ဆေးသုတ်အပြီးမှ သောအိမ်က ကိုကြွက် လာစပ်စုပါတယ်။

ကျွန်တော်။ ။ လာ... ကိုကြွက်လာ... လက်ဖက်ရည်သောက်လေ။

ကိုကြွက် ။ ။ သောက်ပြီးပြီ သူငယ်ချင်း။ မင်းအိမ်ဆေးသုတ်တာ တော်တော်လှတာပဲ။ ဒါနဲ့ ဆေး ဘယ်နှဂါလံဝယ်ရလဲ။

ကျွန်တော်။ ။ ၁၀ ဂါလံ ဝယ်ရတယ် ကိုကြွက်။

ဒါနဲ့ ကိုကြွက်လည်း ပြန်သွားပြီး နောက်တစ်နေ့

mgyoe.com

mgyoe.com



မှာ သူ့အိမ်ကို ဆေးသုတ်ပါတယ်။ ဆေးသုတ်အပြီး မှာ သူ ကျွန်တော့်အိမ် ရောက်လာပြန်ပါလေရော။

ကိုကြွက် ။ ။ ဟေး... သူငယ်ချင်း၊ မင်း ဝယ်တာ ဆေး ၁၀ ဂါလံဆို။

ကျွန်တော်။ ။ ဟုတ်တယ်လေ၊ ၁၀ ဂါလံ လေ။

ကိုကြွက် ။ ။ အေး အဲဒါ ငါလည်း မင်းလို ၁၀ ဂါလံဝယ်တာ သုံးဂါလံ တောင် ပိုနေတယ်။

ကျွန်တော်။ ။ ဟုတ်တယ်လေ၊ ခင်ဗျားက ကျွန်တော့်မေးတာ ဘယ်နှဂါလံ ဝယ်သလဲဆိုလို့ ၁၀ ဂါလံလို့ ပြောလိုက်တယ်။ ကျွန်တော် လည်း သုံးဂါလံ ပိုနေတာပဲ။

❖

mgyoe.com

mgyoe.com




## ပန်းသီးကိုပဲ ကြည့်နေတာပါ

အမေရိကန်နိုင်ငံက မူလတန်းကျောင်းတစ်ခုမှာပါ။ အဲဒီကျောင်းမှာ တစ်နေ့မှာ အစားအသောက်တွေဝေပါတယ်။ သာသနာပြုအဖွဲ့တစ်ခုက ထောင်ထားတဲ့ ကျောင်းဖြစ်သော မူလတန်းကျောင်းသားလေးတွေကို မုန့်ဝေတာကို ခရစ်ယာန်သီလရှင်တစ်ပါးက စောင့်ကြည့်နေပါတယ်။ ကျောင်းသားလေးတွေ ပထမဆုံး

mgyoe.com

mgyoe.com



တန်းစီယူရတာက ပန်းသီးပါ။ ပန်းသီးကို ခြင်းတွေနဲ့ ထည့်ထားပြီး စားပွဲပေါ်မှာ တင်ထားပါတယ်။ ကလေးတွေ တန်းစီနေတုန်း သီလရှင်က စာရွက်လွတ်ပေါ်မှာ အခုလို ရေးပြီး ပန်းသီးခြင်းတွေ တင်တဲ့ စားပွဲပေါ်မှာ ချထားပါတယ်။ သီလရှင်ရေးထားတာက "ပန်းသီးကို တစ်ယောက်တစ်လုံးပဲ ယူပါ။ ပိုမယူပါနဲ့။ ဘုရားသခင် စောင့်ကြည့်နေသည်" ပါတဲ့။

ဒါနဲ့ ကလေးတွေလည်း ပန်းသီးတစ်ယောက်တစ်လုံးစီယူပြီး နောက်စားပွဲတစ်ခုကို ထပ်သွားတန်းစီကြပါတယ်။ အဲဒီစားပွဲမှာက ချောကလက်တွေ တင်ထားတာပါ။ ဒါပေမဲ့ အဲဒီစားပွဲပေးမှာ ဘာစာရွက်မှ ရေးမထားပါဘူး။ ဒီမှာတင် တန်းစီနေတဲ့ ထိပ်က ကျောင်းသားလေးက စာရွက်တစ်ရွက်မှာ အခုလိုရေးပြီး စားပွဲထိပ်မှာ သွားချထားလိုက်ပါသတဲ့။ စာရွက်မှာ [illegible]ရေးထားသတုံးဆိုတော့ "သူငယ်ချင်းတို့ [illegible]လာက်သာယူကြ၊ ဘုရားသခင်က ဟိုဘက်စားပွဲက ပန်းသီးကိုသာ ကြည့်နေတာ" ပါတဲ့။

❖

mgyoe.com

mgyoe.com


## သိနေတယ်လေ

ကျွန်မ အမြဲအသုံးပြုနေကျ စာတိုက်က ဝန်ထမ်းဟာ ဆက်ဆံရေးတော်တော်ညံ့ပါတယ်။ ဒီစာတိုက်ကို သုံးလာတာ ငါးနှစ်ကြာပြီဆိုတော့ အဲဒီဝန်ထမ်းအကြောင်း ကျွန်မ ကောင်းကောင်းသိတာပေါ့။ ဒါပေမဲ့ နောက်စာတိုက်တစ်ခုက တော်တော်ဝေးဝေးကားမောင်းသွားရမှာကြောင့် ဒီဆက်ဆံရေးမကောင်းတဲ့ ဝန်ထမ်းရှိတဲ့ စာတိုက်ကိုပဲ ကျွန်မ သုံးနေရတယ်လေ။ တစ်နေ့ စာတိုက်ကို ကျွန်မ ပါဆယ်တစ်ခု ပို့ဖို့သွားတော့ ဟော... အဲဒီအချိုးမပြေတဲ့ ဝန်ထမ်းနဲ့ပဲ ကြုံရပြန်ပါတယ်။ ကျွန်မ ပါဆယ်ပို့ချင်ပါတယ်ဆိုတာကို ကျောပေးပြီး မကြားသလို လုပ်နေပြန်တာကြောင့် ဘယ်လိုမှ ကျွန်မ စိတ်မထိန်းနိုင်ဘဲ သူ့ဆီး

mgyoe.com

mgyoe.com



က သူ့လိုပဲ စာတိုက်ဝန်ထမ်းအမျိုးသမီးကို အစုလို ပြောမိပါတယ်။

ကျွန်မ ။ ။ ညီမ... ဒါကြောင့် တစ်ခါ တလေ နှစ်မိုင်လောက်ဝေးတဲ့ စာတိုက်ကို သွားသုံးတာ။ ဒီလူ နဲ့က အချိုးကို မပြေဘူး။

အမျိုးသမီး။ ။ (ပြုံးပြီး ဘာမှပြန်မပြော)

ကျွန်မ ။ ။ ဒီလိုလူမျိုးကိုသာ ယူမိလို့က တော့ ညီမရေ... ဘယ်လောက် များ စိတ်ဆင်းရဲလိုက်ရမလဲ။

အမျိုးသမီး။ ။ ဟုတ်တာပေါ့ မမရယ်။ ကျွန်မ ကောင်းကောင်းသိတာပေါ့။ သူ က ကျွန်မခင်ပွန်းလေ။

❖

mgyoe.com